# လူကုန်ကူးသူများကို သတိထားပါ

RFA မှ ပြုစုထုတ်ဝေသည်။



# လူကုန်ကူးသူများကို သတိထားပါ

စီးပွါးရေး ကြပ်တည်းနေချိန်မှာ လူကုန်ကူးသူများ လက်ထဲ သားကောင် အလွယ်တကူ ဖြစ်သွားရတဲ့ မြန်မာ မိန်းကလေးနှစ်ဦးအကြောင်းပါ။

တခြား မိန်းမပျိုတွေ သူတို့အဖြစ်ဆိုးမျိုး မကြုံရအောင်
နာမည်တွေလွှဲပြောင်းပြီး ပြောပြထားတာပါ။

အေးအေး နဲ့ ချိုချို ဟာ ငယ်ရွယ်ပြီး နုပျိုလှပတဲ့
မိန်းကလေး နှစ်ဦးပါ။ ဒါပေမယ့် သူတို့ အသိဉာဏ်က
အလိမ်အညာ ကတိတွေရဲ့ အန္တရယ်ကိုတော့
မမြင်လိုက်ပါဘူး။





အေးအေး ရှစ်တန်း တက်တဲ့နှစ်မှာ
တက္ကစီကားဆရာ သူ့ဖခင် ဟာ
လေဖြတ်သွားခဲ့ပါတယ်။


TAXI
AB/8888

စိတ်ညစ်ပြီး အရက်တွေ
သောက်ရာက
အိပ်ယာထဲ လဲတဲ့အထိ
အခြေဆိုးဝါးသွားပါပြီ။





နောက်ဆုံးမှာ အိမ်ကိုရောင်းချပြီး အေးအေးရဲ့ မိခင်ဖြစ်သူက ဟင်းရွက်သည်ဘဝ ရောက်ခဲ့ရပါတယ်။

တခါ မိခင်ဖြစ်သူက တီဘီ
အဆုတ်ရောဂါရရှိပြီး သွေးရုံ
တက်ရပြန်ပါတယ်။




နောက်ဆုံးမှာ အေးအေးခမျာ
ကျောင်းထွက်လိုက်ရပြီး မိဘတွေကို
ပံ့ပိုးနိုင်ဖို့ ဈေးရောင်းရပါတော့တယ်။

ချိုချိုလဲ ဒုက္ခ မကင်းပါဘူး။ သူ
၈-တန်းတက်နေချိန်မှာ သူ့ဖခင်
ကွယ်လွန်ပါတယ်။






ရိုးအ ပညာမဲ့ရှာတဲ့ သူ့မိခင်က
လူလိမ်လူရှုပ်တစ်ဦးနဲ့
နောက်အိမ်ထောင်ပြုမိပါတယ်။


မိခင် မရှိချိန်မှာ ပထွေးဖြစ်သူက
အခွင့်အရေးယူဖို့ကြံစည်ပေမယ့်
ကံကောင်းလို့ ချိုချို
ဒုက္ခမရောက်ရပါဘူး။


အခြေအနေက တဖြေးဖြေး
ပိုဆိုးလာပါတယ်။ ပထွေးဟာ
အရက်သောက်၊ ဖဲရိုက်နဲ့
နောက်ဆုံးအဖမ်းခံရပါတယ်။


သူတို့နေအိမ်ကို ပထွေးဖြစ်သူက
ပေါင်နှံထားလို့ ချိုချိုတို့ သားအမိ
အိမ်ပေါ်က ဆင်းခဲ့ရပါပြီ။

သားအမိ နှစ်ယောက်
ပန်းရံအလုပ်
ဝင်လုပ်ကြပါတယ်။





# ပြည်ပအလုပ်ရဲ့ ခွဲခေါင်မှု

တစ်နေ့ - အေးအေးနဲ့ ချိုချိုတို့ အလုပ်ပွဲစားတစ်ဦးနဲ့ လှိုက်ရည်ဆိုင်မှာ တွေ့ကြပါတယ်။





ဖူဖူးခမျာ ပြည့်တန်ဆာ လုပ်နေရတာကို ထည့်မပြော၊
သူ့မိဘတွေမှာ မော်တော်ဆိုင်ကယ်နဲ့ ၊ တီဗွီနဲ့ ဟန်းဖုန်းတွေနဲ့
နေနိုင်တာကိုဘဲ ပြောပြသွားတယ်။



အေးအေးနဲ့ ချိုချိုတို့ ပွဲစားပြောပြတာကို နားထောင်ပြီး တရုတ်ပြည်ကို လိုက်သွားကြပါတယ်။



သူတို့ နှစ်ဦး တရုတ်စကား နားမလည်ကြ။
ဟိုဖက်ရောက်တော့ အေးအေးကို အိကောဆိုတဲ့
တရုတ်က သတို့သမီးအဖြစ် ဝယ်သွားတယ်။



# အထင်နဲ့ အမြင် တလွဲစီ



ယောက္ခမဖြစ်သူက အေးအေးကို အခိုင်းအစေလို

ဆက်ဆံပါတယ်။



အိမ်အလုပ်တွေ ပိုပိုခိုင်းပြီး
စိတ်တိုင်းမကျရင် ဒဏ်ခတ်
နှိပ်စက်တယ်။





တခါတလေ
ဆံပင်ဆွဲခံရ၊
အရိုက်ခံရ၊
တခါတလေ ခေါင်းကို
ထရုံနဲ့ စာပွဲနဲ့
ဆောင့်ခံရတယ်။

ဒီလိုနဲ့ ကလေးတယောက်
ရလာပါပြီ။ မိဘတွေနဲ့လဲ
ဆက်သွယ်ခွင့်မရ။
အေးအေးခမျာ
ထောင်ကျနေသလိုပါပဲ။



ချိုချိုကတော့ ငါးလုပ်ငန်းလုပ်တဲ့ မိသားစု တစ်စုဆီကို ရောက်သွားပါတယ်။






သူက နေ့စဉ် မဝရေစာ
စားနေရပေမယ့် အလုပ်
ကြိုးစားလုပ်တယ်။

နောက်ဆုံးတော့ အလုပ်ရှင်ရဲ့သားရဲ့ အပျော်မယားဘဝ
ကို ရောက်လာခဲ့ပါတယ်။



ဒီလူကလဲ မိန်းမလိုက်စား အရက်သမား၊ ဖဲသမား တစ်ယောက်ပါပဲ။



အေးအေးနဲ့ ချိုချိုတို့ဟာ မိဘဆွေမျိုးတွေနဲ့ အဆက်ပြတ်နေတာ ၃ နှစ်ကြာပါပြီ။ နှစ်ယောက်စလုံး ကလေး နှစ်ယောက်စီရကြတယ်။ ဒါပေမယ့် သူတို့ နေ့စဉ် စိတ်ဆင်းရဲနေရပါတယ်။



# ဒုက္ခတွင်းမှ လွတ်မြောက်ခြင်း

တစ်နေ့တော့ အေးအေးက ထွက်ပြေးဖို့ အခွင့်ကြုံလာတာနဲ့ ရဲစခန်းကို ပြေးပြီး အကူအညီ သွားတောင်းပါတယ်။





သူ့ကို လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့တစ်ဖွဲ့ကို ရဲက အပ်လိုက်တယ်။



အေးအေးက မြန်မာပြည်ကမိဘတွေဆီ
ပြန်ချင်တဲ့အကြောင်း ပြောပြတယ်။



မြို့ပြန်ရောက်တော့ သူ့အဖေက ကွယ်လွန်သွားပြီး
သူ့မိသားစုက လက်မခံတော့ဘူးလို့ သိရတယ်။
ဒီတော့လဲ တရုတ်ပြည်မှာ ကျန်ခဲ့တဲ့ သားသမီးတွေကို
လွှမ်းရပြန်ရော။



ချိုချိုကလဲ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့တစ်ဖွဲ့က
ကူညီလို့ သူ့သားနှစ်ယောက်နဲ့အတူ
ဌာနေပြန်နိုင်ခဲ့တယ်။





ဒါပေမယ့် သူမိခင်က အရူးမကြီး ဖြစ်နေရှာပါပြီ။

ဘယ်သူကမှလဲ သူ့ကို နွေးနွေးထွေးထွေး မရှိကြဘူး။



မြန်မာနိုင်ငံမှာ နေထိုင်ဖို့
အဆင်မပြေတော့
တရုတ်ပြည်ကိုပဲ ပြန်ဖို့
ဆုံးဖြတ်လိုက်တယ်။
ဒီတစ်ခါတော့ ပတ်စ်ပို့နဲ့ ဗီဇာနဲ့
တရားဝင်သွားမှာပါ။





အေးအေးနဲ့ ချိုချိုတို့ဟာ အရဲစွန့်ထွက်ပြေးခဲ့လို့ ရပ်ရွာကို ပြန်ရောက်သွားနိုင်ကြပါတယ်။ ဒါပေမယ့် ပေးဆပ်ခဲ့ရတဲ့ တန်ဖိုးကတော့ များလှပြီး ဘာများ အမြတ်ထွက်ခဲ့သလဲဆိုတာတော့ သူတို့ပဲ သိကြပါလိမ့်မယ်။

ကာတွန်းဆရာ ရဲမာန်ဟာ ၁၉၈၀ ပြည့်နှစ်က ရန်ကုန်မြို့ အစိုးရ ပန်းချီ၊ ပန်းပုနဲ့ အနုပညာကျောင်းကို တက်ရောက်ခဲ့ပြီး နာမည်ကျော် ဆရာကြီး ဦးဘလုံလေး၊ ဦးလှကြည် စတဲ့ ပန်းချီပညာရှင်တွေဆီမှာ လေ့လာ ဆည်းပူးခဲ့ပါတယ်။ ဒီနောက် အကို ဖြစ်သူ စာရေးဆရာ ရွှေကျော် နဲ့ ကာတွန်းဆရာ သန်းထွန်းတို့ရဲ့ အားပေးမှုနဲ့ ၁၉၉၀ လောက်မှာ စတင်ပြီး ရုပ်ပြဇာတ်လမ်းတွေ ရေးဆွဲခဲ့ပါတယ်။

၂၀၁၁ ဇူလိုင်လမှာတော့ မြန်မာကလေးသူငယ်တွေကို ဗုဒ္ဓဘာသာတရားတော်နဲ့အညီ သတ္တဝါအားလုံးအပေါ် မေတ္တာတရားထားရှိဖို့၊ မိဘဆရာသမားများအပေါ် ကျေးဇူးတရား သိနားလည်ဖို့၊ အလှူဒါနပြုလုပ်တဲ့ အကျိုးတရားတွေနားလည်ဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ သူ့ကိုယ်ပိုင် ရွှေမောင်း ပညာပေး ကာတွန်းရုပ်စုံကို စတင်ထုတ်ဝေခဲ့ ပါတယ်။